# Myanmar Garment Manufacturers Association

# NEWSLETTER

## AUGUST 2025, ISSUE




## 6th MGMA Members' Day

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ (၆) ကြိမ်မြောက် MGMA Members' Day ကို ဩဂုတ်လ ၂၉ ရက်က Melia Hotel Yangon, Grand Ballroom ၌ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားအား Platinum Title Sponsor အဖြစ် MAB Bank မှလည်းကောင်း၊ Silver Title Sponsor အဖြစ် Glink Global Co.,Ltd နှင့် KBZ Life Insurance မှလည်းကောင်း၊ VLCA Award Partner အဖြစ် PTI Co.,Ltd နှင့် Rover X Travel တို့မှလည်းကောင်းပံ့ပိုးကူညီပေးခဲ့သည်။ ပထမဦးစွာ UMFCCI ၏ ဒု-ဥက္ကဌ ဦးအေးထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ " MGMA's Code of Conduct " နှင့်ပတ်သက်သည့် Key Note Message အား အမေးအဖြေကဏ္ဍများဖြင့် ဝေမျှခဲ့သည်။ ထို့နောက် "Responsible Business Conduct" ခေါင်းစဉ်ဖြင့် panel discussion အား ဒေါ်ခိုင်ခိုင်နွယ်မှ Moderator အဖြစ်ဦးဆောင်ကာ Garment Stake Holders များနှင့် MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်တို့မှ ဆွေးနွေးခဲ့ကြသည်။

စာ - ၂ သို့ >>>>>>>>>>



လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

စာ - ၈



မိမိ ဆန္ဒအလျောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း

စာ - ၁၄

# မာတိကာ

**သတင်းနှင့်လှုပ်ရှားမှုများ** **စာမျက်နှာ**


6th MGMA Members' Day ............................................................ ၂~၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး............................................ ၈

Workplace Coordination Committee In-factory Training ............................. ၉

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာ သင်တန်း) ............................................................ ၁၀-၁၁

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၈) ........................................ ၁၂-၁၃

မိမိ ဆန္ဒအလျှောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း...................... ၁၄


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training and PSEA Training | September | Member Factories |
| 2 | Apparel Sourcing Paris 2025 | 15-17 September | Paris |

## Membership Update


New Member in August 2025 ............................................................ ၁၅

Membership update as of August 2025 ................................................ ၁၅

# 6th MGMA Members' Day




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ (၆) ကြိမ်မြောက် MGMA Members' Day ကို ဩဂုတ်လ ၂၉ ရက်က Melia Hotel Yangon, Grand Ballroom ၌ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားအား Platinum Title Sponsor အဖြစ် MAB Bank မှလည်းကောင်း၊ Silver Title Sponsor အဖြစ် Glink Global Co.,Ltd နှင့် KBZ Life Insurance မှလည်းကောင်း၊ VLCA Award Partner အဖြစ် PTI Co.,Ltd နှင့် Rover X Travel တို့မှလည်းကောင်းပံ့ပိုးကူညီပေးခဲ့သည်။ ပထမဦးစွာ UMFCCI ၏ ဒု-ဥက္ကဌ ဦးအေးထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ " MGMA's Code of Conduct " နှင့်ပတ်သက်သည့် Key Note Message အား အမေးအဖြေကဏ္ဍများဖြင့် ဝေမျှခဲ့သည်။ ထို့နောက် "Responsible Business Conduct" ခေါင်းစဉ်ဖြင့် panel discussion အား ဒေါ်ခိုင်ခိုင်နွယ်မှ Moderator အဖြစ်ဦးဆောင်ကာ Garment Stake Holders များနှင့် MGMA မှ အလုပ်အမှုဆောင်အဖွဲ့ဝင်တို့မှ ဆွေးနွေးခဲ့ကြသည်။

Platinum Title Sponsor ဖြစ်သော MAB Bank မှ ၎င်းတို့၏ ဝန်ဆောင်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန်မှ VLCA 2023-2024 အစီရင်ခံစာအနှစ်ချုပ်ကို ရှင်းလင်းတင်ပြခဲ့သည်။ VLCA award ဖြစ်သော "Best of Full Compliance" ဆုအား Suitstar Garment Co.,Ltd နှင့် Sincere Season (Myanmar) Garment Co.,Ltd တို့မှလည်းကောင်း လက်ခံရယူခဲ့ပြီး ဆုရရှိသောစက်ရုံများမှ တာဝန်ရှိသူများမှ ၎င်းတို့၏အတွေ့အကြုံများ၊ VLCA နှင့်ပတ်သက်၍လိုက်နာခဲ့သည့်အလေ့အကျင့်များ နှင့် ကျေးဇူးတင်စကားကို ပြောကြားခဲ့သည်။

MGMA ၏ဥက္ကဌ ဦးမြင့်စိုးမှအခမ်းအနားပြီးဆုံးကြောင်း အပိတ်စကားနှင့်ကျေးဇူးတင်စကားကို ပြောကြားခဲ့ပြီး အခမ်းအနားနောက်ဆုံးအစီအစဉ်အရ အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။ အခမ်းအနားသို့ UMFCCI ဒု-ဥက္ကဌ၊ MGMA မှ ဥက္ကဌ၊ ဒု-ဥက္ကဌ၊ အထွေထွေအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Garment Cluster Associations မှတာဝန်ရှိသူများ၊ MRGMA အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ MGMA အဖွဲ့ဝင်စက်ရုံများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား တေးသံသာများဖြင့် နှင့် ကံစမ်းမဲအစီအစဉ်များဖြင့် ဖျော်ဖြေပေးခဲ့သည်။




Vice - Chairman of UMFCCI U Aye Tun giving opening remarks



Chairman of MGMA U Myint Soe giving closing remarks and thank you note




Secretary General of MGMA Daw Khine Khine Nwe giving keynote remarks




Panel Discussion




Panelist




MAB Bank presenting their services


Suitstar Garment Co.,Ltd
Best of Full Compliance


Voluntary Labour Compliance Assessment (VLCA) Award 2025
Sincere Season (Myanmar) Garment Co.,Ltd
Best of Full Compliance


AVAILABLE SERVICE
VISA APPLICATION AND CONSULTATION
SERVICE
CAR RENTAL


PTI


29th August 2025
Melia Hotel, Grand Ballroom
Event Sponsors


Lucky Draw
Special Prize


2nd Prize


1st Prize


MAB
Banking Solution


PTI COMPANY LIMITED




PTI COMPANY LIMITED




6th MGMA Members' Day
29th August 2025


6th MGMA Members' Day
29th August 2025
Melia Hotel, Grand Ballroom
Event Sponsors


6th MGMA Members' Day
29th August 2025
Melia Hotel, Grand Ballroom
Event Sponsors


6th MGMA Members' Day
29th August 2025



MAB

# လုပ်ငန်း ပိုမိုတွင်ကျယ်စေဖို့

# MAB Supply Chain (Invoice) Financing



ဝယ်လိုအားမြင့်၊ ရောင်းအားကောင်းသော
လုပ်ငန်းများအတွက် ငွေကြေးစီးဆင်းမှုကို
ပိုမိုချောမွေ့မြန်ဆန်စေရန် အထူးသင့်လျော်ပါသည်။

- Operational Efficiency
- Working Capital Boost
- Instant Funding
- Strengthen Relationships

MAB Call Center
01 8610612

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး


လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။



အစည်းအဝေးအား MGMA ၏ တွဲဖက်အတွင်းရေးမှူးအဖွဲ့ မှ အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်အမှုဆောင်များမှ Apparel sourcing in Paris 2025 ဆိုင်ရာကိစ္စရပ်များ၊ ဇူလိုင်လ ၂၉ ရက်တွင် ပြုလုပ်ခဲ့သည့် AFTEX Meeting မှတ်စုများ၊ စက်တင်ဘာလ ၂ ရက်မှ ၄ ရက်ထိ Intertextile Shanghai 2025 သို့တက်ရောက်မည့်ကိစ္စရပ်များ၊ စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်ထိ၊ တရုတ်နိုင်ငံ၊ နန်နင်းမြို့ တွင်ပြုလုပ်မည့် CAEXPO သို့သွားရောက်ရန် ကြိုတင်ပြင်ဆင်နေမှုဆိုင်ရာကိစ္စရပ်များ၊ Eravati Hotel တွင်ပြုလုပ်ခဲ့သည့် Pride of Myanmar Products Expo နှင့်ပတ်သက်သည့် Feedback များ၊ MADE Myanmar မှဦးစီးကျင်းပမည့် MADE mid-year meeting သို့တက်ရောက်မည့်ကိစ္စရပ်များ၊ $6^{th}$ MGMA Members' Day ကျင်းပမည့်ကိစ္စရပ်များ၊ စစ်ကိုင်းနှင့် အင်းလေး မြို့တို့၏ CSR ဆိုင်ရာအလှူလုပ်ငန်းစဉ်များ၊ ဆောက်လုပ်ဆဲ စီမံကိန်းဆိုင်ရာအစီရင်ခံစာများ နှင့် Working Group ၏လုပ်ငန်းဆောင်တာများကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# Workplace Coordination Committee In-factory Training

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Workplace Coordination Committee (WCC) In-factory Training ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက် တွင် ရွှေပြည်သာမြို့နယ်ရှိ Lucky Fortune Co., Ltd ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာအရာရှိများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ ဖွဲ့စည်းခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်အကြောင်း၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ဥပဒေ၊ အလုပ်ချိန်၊ အချိန်ပိုလုပ်ခ နှင့် အလုပ်ထုတ်နစ်နာကြေး အကြောင်း များကို ရှင်းလင်းတင်ပြခဲ့သည်။ သင်တန်းသို့ Lucky Fortune Co., Ltd ၏ WCC အဖွဲ့ဝင် ၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား များသို့ ပေးအပ်ခဲ့သည်။








# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် ၁၉ ရက်များတွင် Guohua Glory Co.,Ltd နှင့် Myanmar Dongtai Garments Co.,Ltd,တို့၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

သင်တန်းသို့ Guohua Glory Co.,Ltd မှ ဝန်ထမ်း (၁၀) ဦး နှင့် Myanmar Dongtai Garments Co.,Ltd မှ ဝန်ထမ်း (၂၀) ဦးတို့တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**Guohua Glory Co.,Ltd**











### Myanmar Dongtai Garments Co.,Ltd











# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၈)



**Batch – 258 Group Photo**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၈) ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ ၂၉ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) မှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့အပြင် IOM မှ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာသိကောင်းစရာများကိုလည်း ဝေမျှပေးခဲ့သည်။ သင်တန်းအပိတ်အမှာစကားကို GTHS မှ တွဲဖက်ပါမောက္ခ ဒေါ်ထွေးထွေးစိုးမှ ပြောကြားခဲ့ပြီး သင်တန်းသား (၄၃) ယောက်တက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



**Principle of GTHS giving opening Remarks**



**Associate Professor of GTHS giving closing remarks**



**MGMA conducting Labor Law Awareness**



**Safe Migration Seminar by IOM**





**Practice Session**

**Trainer of MGHRDC presenting Sewing Method**





**Practice Session**

**Practice Session**





**Awarding Certificates**

**Awarding Certificates**

# မိမိ ဆန္ဒအလျှောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် မိမိ ဆန္ဒအလျှောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း (VLCA) ကို Sincere Season (Myanmar) Garment Co., Ltd နှင့် EO Yangon Co., Ltd တို့၌ ပြုလုပ်ခဲ့သည်။

MGMA မှ အလုပ်သမားရေးရာ အရာရှိများသည် VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်း အားလုံးကို သေချာစွာ ပြန်လည်သုံးသပ်ပြီး လုပ်ငန်းခွင်သို့ လိုက်လံကြည့်ရှု စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပါသည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကိုအကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။





**Sincere Season (Myanmar) Garment Co., Ltd**





**EO Yangon Co., Ltd**

# MEMBERSHIP UPDATE

New Members in August 2025

| Country | No. of New Member Factories |
|---|---|
| Myanmar | 1 |
| China | 7 |
| Hong Kong | 3 |
| **Total** | 11 |

Membership Update as of August 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 66 |
| | China | 354 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 52 |
| Total (Active) | | 589 |
| Temporary Closed | | 56 |

G LINK GLOBAL

"Our Team has the right expertise for your logistics need."

OUR SERVICES

- Ocean Freight
- Air Freight
- Custom Clearing
- Trucking







**UAE Corporate Office**

Al- Qaizi Building ,Room ; 321, Deira
Fishroundabout , Dubai ,UAE
Ph- +97150 646 8099
hazel.dxb@glink-global.com

**Bangladesh Office**

House 7, Road 13, Sector 1, Uttara,
Dakha 1230,Bangaladesh
Ph- +8801919013151
sales17@glink-global.com

**Myanmar Office**

No. SH004, Thitsar Garden Housing,
Thitsar Street, (8) Quarter,
South Okkalapha, Myanmar
Ph- +959425293164
awal@glink-global.com

**Cambodia Office**

Sangkat Boeng Kengkang III,
Khan Boeng Kengkang, Phnom Penh, Cambodia
Ph- +855 96 822 6895
kh@glink-global.com

OUR MEMBERSHIP

WCAworld WCA CHINA GLOBAL BNI JCTRANS CLA

ကုမ္ပဏီနှင့် စက်ရုံ၊ အလုပ်ရုံများအတွက်
အသင့်တော်ဆုံး အာမခံအကာအကွယ်

KBZ LIFE Insurance

စုပေါင်းအသက်အာမခံ
GROUP LIFE Insurance

တစ်နှစ်စာ ဝန်ထမ်းတွေအာမခံအကာအကွယ်ရဲ့
(၁%)ပေးသွင်းရုံဖြင့်

အမြင့်ဆုံး သိန်း ၅၀၀ အထိ
အကျိုးခံစားခွင့်



**Address**
No.520/ A-5, Pyae Wa Condo, Kabar Aye Pagoda Road, Bahan Township, Yangon.

**Consult with us**
09 954 477 788

info@kbzlife.com
www.kbzlife.com

KBZ LIFE Insurance | The Right Insurance For You